# ဓမ္မခန္ဓာ (၁) သော့ (အာလ် ဖာတ်ဟာ)

**ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅)၊ သုတ်ဒေသနာ (၇)ပါး၊**

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

| | |
|---|---|
| ၁။ | **بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**<br><br>ကရုဏာရှင် အကြင်နာရှင်[၁] ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏[၂] ဂုဏ်တော်အားဖြင့်– |

---

(၁) ကရုဏာ **الرَّحْمَنِ အရ်ရဟ်မန်**နှင့် အကြင်နာ **الرَّحِيم အရ်ရဟီးမ်** ဆိုသော စကားလုံးများမှာ သနားကြင်နာမှု အဓိပ္ပါယ်ကို ဆောင်သည့် ရင်းမြစ်ဝေါဟာရ **رَحمتَ ရဟာမတ်** တစ်လုံးတည်းမှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။ **الرَّحْمَنِ အရ်ရဟ်မန်** သည် စကြာဝဠာ ခပ်သိမ်းကုန်နှင့် သဗ္ဗလုံးစုံအား ဆင့်ကဲပြည့်စုံ ဖြစ်တည်လာစေရန် ပြဋ္ဌာန်းပေးသော ကရုဏာတော် ဖြစ်၍ **الرَّحِيم အရ်ရဟီးမ်** မှာ ထိုဖြစ်တည်လာသော အရာအားလုံးအတွက် ခံစား၊ စံစားရစေရန် ဘုံအဆင့်ဆင့်ကို ဆက်လက် ပြဋ္ဌာန်း ဖြစ်တည်ပေးသည့် ကြင်နာမှုကို ဆိုလိုပေသည်။

(၂) ပရမတ်ဘုရားရှင်ဟု ဘာသာပြန်ဆိုသော **اللّٰه အလ္လာဟ်**အား မူရင်း အဓိပ္ပါယ်မှ တိမ်းပါးသွားမည်ကို စိုးရိမ်မကင်း ဖြစ်သောကြောင့် ဆရာတော်ကြီး အများစုက ဘာသာပြန်ခြင်းမှ ရှောင်ကြဉ်ကြလျက် မူရင်း အသံထွက်အတိုင်း **အလ္လာဟ်** ဟု သာ မွေးစားဝေါဟာရ အဖြစ် သုံးစွဲကြပေသည်။ ကျွန်ုပ် အနေဖြင့်လည်း မူရင်းအနှစ်သာရ ပျောက်ပျက် သွားမည်ကို မလိုလားပါ၊ သို့သော် စကားလုံး မဖလှယ်ပြန်ကလည်း အစ္စလာမ်တို့ ယုံကြည်လက်ခံသော **အလ္လာဟ်** ဆိုသည်ကို ခရစ်ယာန်များ ပြောဆိုသော ထာဝရဘုရားနှင့် အတူတူပင် ဖြစ်သည်ဟု လည်းကောင်း၊ ကောင်းကင်ဘုံရှိ ရာဇပလ္လင်ပေါ်တွင် စိုးစံနေလျက် လူ့ပြည်လူ့ရွာအား မိန့်ခြွေ လမ်းညွှန်နေသည့်၊ မြန်မာတို့ နားလည်ထားသော နတ်ဘုရားကြီး ပုံစံမျိုးဟု လည်းကောင်း၊ အရာရာကို "ဥုံ–ဖွ" ဖြစ်စေဟု ပဉ္စလက်ဆရာကြီး ကဲ့သို့ ဖန်ဆင်းလေ့ရှိသော ဣဿရ ဖန်ဆင်းရှင် အဖြစ်လည်းကောင်း နားလည်ထားကြသူများမှာ ထိုသို့လွဲမှားသော အထင်အမြင်ထဲမှ ကျွတ်လွတ်နိုင်ရန် အခွင့်အရေး နည်းပါးလှပေသည်။

အစ္စလာမ် သာသနာက လက်ခံယုံကြည်သော **အလ္လာဟ်** ဆိုသည်မှာ "ပညတ်ဖြစ်တည်မှု ခန္ဓာကိုယ်" ပညတ္တိကာယ မဟုတ်ပေ။ ပရမတ္ထကာယ "ပရမတ်အဖြစ်" ရှိနေပြီး မံသစက္ခုဖြင့် သိမြင်ခံစားနိုင်မှုမှ ကင်းလွတ်ပေသည်။ ထိုသို့ ပရမတ်အဖြစ် တည်ရှိသော ပရမတ်ဘုရားရှင် **အလ္လာဟ်** သည် သဗ္ဗညုတ ဉာဏ်စဉ်တော်၏ မူလအစ ဇစ်မြစ်တော် ဖြစ်ပေသည်။ မဟာယန ဗုဒ္ဓဘာသာဝင်များ လက်ခံသော ဓမ္မကာယ "မူလဇစ်မြစ် တရားကိုယ်" ဆိုသည်နှင့် နီးစပ်မှု ရှိသော်လည်း မဟာယနတို့၏ အယူအရ ဓမ္မကာယသည် လောက လူသားတို့အား ကယ်တင်ရန် အလို့ငှာ သံဘောဂကာယ (ဗောဓိသတ္တ) "လူသားဘုရား" အဖြစ် ခံယူကာ လောကသို့ ကြွလာသည်ဟု ဆိုထားသဖြင့်၊ လူသားဘုရား အဖြစ် လောက၌ ဝင်စားခြင်း မရှိသော ပရမတ်ဘုရားရှင် **အလ္လာဟ်**အား ဓမ္မကာယဟု ဘာသာ ပြန်ဆိုလျှင် အဓိပ္ပါယ် နီးကပ်မှု အားနည်းနိုင်မည် ဖြစ်သည်။ (၁၁၂း၄ တွင်ကြည့်ပါ။)

**အလ္လာဟ်**ကို ပရမတ်ဘုရားရှင်ဟု ဘာသာပြန်ဆိုမှုသည် အဓိပ္ပါယ်အရ အနီးစပ်ဆုံး ဖြစ်နိုင်သည့်အပြင် ထေရဝါဒ ဗုဒ္ဓဘာသာ၌ ရင်းနှီး ကျွမ်းဝင်ပြီးသား မြန်မာများအတွက် အောက်ပါ ကျမ်းညွှန်းများအရ နားလည်ခံစားမှု ပိုမို နီးကပ်နိုင်ပါသည်။

နိုင်ငံကျော် ဓမ္မစေတီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သမစိတ္တ ဘာသာကျမ်း သံဃာစစ်တမ်း အလင်းကျမ်း သံဃာဟုတ်မဟုတ် မေးခွန်းထုတ်ကျမ်း (ဂန္ဓမာပုံနှိပ် တိုက်မှထုတ်ဝေသည်)တွင် "လူကဖြစ်သော ဥပဇ္ဈာဗုရား၊ ပုဂ္ဂလဓိဋ္ဌာန် ဗုရားတို့ကို ပါယ်၍ ဗုဒ္ဓါန ဗုရားအစစ် ဓမ္မဓိဋ္ဌာန် သဗ္ဗညုတဉာဏ် နိယတ အမြဲဗုရားကို ပြဦးအံ့။ လောကေ၊ လောက၌၊ ဧကောရေဝ၊ တဆူသာလျှင်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ကုန်၏၊ ကိံကရဏံ အဘယ်ကဲ့သို့နည်း ဟူမူကား၊ မဟန္တံ ကြီးမြတ်သော သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်ကို အစိုးရသော ဓမ္မဓိဋ္ဌာန် နိယတ အမြဲဗုရားသည်၊ ဂုဏာနံ

၂။ **الْحَمْدُ للّٰهِ رَبِّ الْعَالَمِينَ۞**

ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ[၃] ကပ်ကမ္ဘာအပါင်း၏[၄] ကံကြမ္မာရှင်[၅]

---

ဂုဏ်ပေါင်းတကာတို့၏ တည်ရာဖြစ်သော၊ ကေဝ္လ ထိုသဗ္ဗညုတအရှင် နိယတသခင် တဆူတည်း အမြဲဗုရားသည်သာလျှင် ဟောတိ ဖြစ်၏၊ ဣတိ ဤသို့ ဂဏိုတဗ္ဗံ ယူမှတ်အပ်၏။” ဟူ၍လည်းကောင်း၊

သုံးဆယ်မြို့ ဘုရားဒကာ ဦးလူငယ် ရေးသားသော သဗ္ဗညုတ စိန္တာမဏိကျမ်း စာမျက်နှာ (၂)တွင် “သဗ္ဗညုတ ဘုရားသခင်သည် အမိမရှိ အဘမရှိ ကိုယ်ထက်မြတ်သော သူမရှိ၊ ပါရမီဆယ်ပါးကို မဖြည့် ဒါန သီလ ဘာဝနာတို့ကို မပြုလုပ်ဘဲ၊ အလိုလို ဖြစ်တော်မူကြောင်း၊ သက်သေကား– သယံ၊ အလိုလို၊ ဘူတံ၊ ထင်ရှား၊ ဇာရတိ ဖြစ်တော်မူ၏၊ သယံအဘိညာဏ ကာရသေရန္တိ ဆရာမိဘကင်း၍ ဖြစ်သော ပါဠိသက်သေ၊ သဗ္ဗညုတ ဘုရား တဆူတည်း ဖြစ်ကြောင်း သက်သေခံ ပါဠိကား သာရတ္ထ သင်္ဂဟကျမ်း၌–ဗုဒ္ဓါနုပန၊ ကောရေဝ ဥပ္ပဇ္ဇန္တိ၊ ကိံကရဏံ၊ မဟာန္တတာရ၊ သဗ္ဗညုတ ဉာဏ ဂုဏာနံ၊ မဟန္တဟောတိ၊ ကေံတံရေဝ၊ ဂဏိုတဗ္ဗံ။ ဗုဒ္ဓါနုပန ဘုရားမည်သည်ကား၊ လောကေ လောက၌၊ ကောရေဝ တဆူတည်းသာလျှင်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ကုန်၏၊ ကိံကရဏံ အဘယ်ကဲ့သို့နည်း ဟူမူကား၊ မဟန္တ ကြီးမြတ်သော သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်သည် ဂုဏာနံ ဂုဏ်တို့၏ တည်ရာဖြစ်သော၊ ကေံတံ ထိုသဗ္ဗညုတဉာဏ် တဆူတည်းသာလျှင်၊ ဟောတိ ဖြစ်၏၊ ဣတိ ဤသို့ ဂဏိုတဗ္ဗံ ယူအပ်၏။” ဟူ၍လည်းကောင်း ဖော်ပြထားပေသည်။

ထိုထေရဝါဒ ဗုဒ္ဓဘာသာ ဆရာတော်များ ရှင်းထားသည့် သဗ္ဗညုတ ဘုရားရှင် ဆိုသည်မှာ ပရမတ်ဘုရား ဖြစ်၍ လူသားပညတ်ဘုရား၊ ဥပဇာ ဘုရားများနှင့် မသက်ဆိုင်ပေ။ ထိုပရမတ်ဘုရားရှင်က လူသားအဖြစ် ဝင်စား၍ လောကသို့ ကြွလာတော်မူသည်ဟုလည်း မဟာယန ဗုဒ္ဓဘာသာကဲ့သို့ ခံယူမှုထားသည်ကို မတွေ့ရပေ။ လောကလူသားမှ ပွင့်ပေါ်သော ဘုရားများမှာ ထိုပရမတ်ဘုရားရှင်မှ ချီးမြှင့်သော ဉာဏ်စဉ်တော် ကိန်းဝပ်ခြင်းကို ခံရသည့် လူသားစင်စစ်များ (ဘုရားကပြားများ မဟုတ်) ဖြစ်ကြောင်းကို သဗ္ဗညုတ စိန္တာမဏိကျမ်း စာမျက်နှာ (၁၅)တွင် “ရှင်ဂေါမဘုရား သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူ သကဲ့သို့ အခြား စကြာဝဠာများမှာလည်း ရှင်ဂေါမ အရှင်မြတ်ကဲ့သို့ သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူသော ဘုရားပေါင်းကား အနန္တပင် ရှိချေမည်။”ဟု လည်းကောင်း၊ စာမျက်နှာ (၁၇)တွင် “မနိမဇ္ဇူ ဋီကာကျမ်း၌—သဗ္ဗညုတ ဉာဏသ၊ သဗ္ဗညုတ ဉာဏ်တော်ကို ပတိလာဘ ရခြင်းကြောင့် တသ ထိုခန္ဓာငါးပါး အစဉ်ကို ဗုဒ္ဓေါတိ ဘုရားဟူ၍ ပညတ္တတ္ထာ ပညတ်သည်၏ အကြောင်းကြောင့်တည်း”ဟု ဆိုထားပေသည်။ အစ္စလာမ် သာသနာတွင်မူ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိသော ပုဂ္ဂိုလ်မြတ်တို့အား ပညတ်ဘုရား ဟူ၍ မခေါ်ဆိုပေ၊ ဉာဏ်စဉ်ဆောင် (ရစူလ်)၊ သတင်းတော်ဆောင်(နဗီ) များဟု ခေါ်ပေသည် (၂း၆၁)။ သို့သော် အစ္စလာမ် သာသနာက လက်ခံသော အလ္လာဟ် ဆိုသည်မှာ ထိုဆရာတော်ကြီးများ ရှင်းပြသော ပရမတ်ဘုရားရှင်နှင့် အနှစ်သာရခြင်း နီးကပ်သဖြင့် ဤဘာသာပြန်၌ အလ္လာဟ်ကို ပရမတ်ဘုရားရှင်ဟု စကားလုံး ဖလှယ်ထားခြင်း ဖြစ်ပေသည်။ (၂း၂ တွင် ကြည့်ပါ)

(၃) **အလ်ဟာမ်ဒို့ الْحَمْدُ** ကို ဆရာတော်ကြီး အများစုက ချီးမွမ်း ထောမနာပြုခြင်း ခံထိုက်မှုဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ ဘုရားသခင်၏ နာမတော်များကို ဓမ္မတေးသွားအဖြစ် စပ်ဆိုပြီး ချီးမွမ်းထောမနာပြု ဝတ်ပြုဆုတောင်းလေ့ရှိသော ခရစ်ယာန်တို့၏ ဓလေ့ထုံးထမ်းကို အခြေခံ၍ ပြန်ဆိုခြင်း ဖြစ်ပေသည်။ **အလ်ဟာမ်ဒို့ الْحَمْدُ** ၏ ရင်းမြစ် စကားလုံးမှာ **ဟာမိဒ** ဖြစ်၍ အနက်မှာ Praise, eulogy သို့မဟုတ် Aim, upmost exertion ဟူ၍ ရပေသည်၊ (ကော်ဆမို– အင်္ဂလိပ် အရဗီ အဘိဓာန်)။ အစ္စလာမ် သာသနာဝင်တို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များအား ချီးမွမ်းထောမနာ ပြုနေယုံမျှဖြင့် ရောင့်ရဲနေကြခြင်း မရှိပေ၊ ပရမတ်ဘုရားရှင်အား ဝိဉာဏ စက္ခုဖြင့် ဖူးမျှော်နိုင်ရန်အတွက် ရည်သန်စူးစိုက်မှု၌ ပျော်ပိုက်ကြပေသည်။ အခြေခံအားဖြင့် ဆွလတ်ဟု ခေါ်သည် မေတ္တာဓိဋ္ဌာန်ပြုမှုကို နေ့စဉ်နှင့်အမျှ ငါးကြိမ်ကျ ဆောင်ရွက်နေရပေသည်။ ဤ မေတ္တာဓိဋ္ဌာန်ပြုမှုကို ဘုရားရှိခိုးသည်ဟု အလွယ်တကူ ပြောဆိုသုံးနှုံးကြသော်လည်း၊ ဘုရားရှင်အား ကြောက်ရွံ့သောကြောင့် ဒူးထောက် ဦးချကန်တော့ နေရခြင်း မဟုတ်ပေ။ (၂း၃ တွင် ကြည့်ပါ)။

(၄) **အလ်လမီးန် الْعَالَمِينَ** ၏ အနက် အဓိပ္ပါယ်မှာ ကမ္ဘာများ၊ စကြာဝဠာများ၊ လောကခပ်သိမ်းဟု ဖြစ်၍ ရင်းမြစ် စကားလုံး **အလမ عَلَم** “ဝိဉာဏ”မှ ဆင့်ပွားလာခြင်း ဖြစ်သည်။ အစ္စလာမ်သာသနာက လူ့လောက စကြာဝဠာ မဖြစ်မီကပင် မူလဇစ်မြစ် ဉာဏ်စဉ်တော် ပရမတ်ဘုရားရှင်က ပြဋ္ဌာန်းထားသော ပရမတ္ထဓမ္မသည် အလျှင်အဦး တည်ရှိနေပြီး စကြာဝဠာ အသင်္ချေ၊ အသင်္ချေသည် စံနစ်ကျသော အသိတရား (ဝိဉာဏ) ကွန်ယက်၌ သတ်မှတ်ချက် အတိုင်း စည်းချိန်ကျစွာ မှီတည်လည်ပတ် နေသည်ဟု ယုံကြည်လက်ခံပေသည်။

(၅) **ရဗ် رَب** ၏ အဓိပ္ပါယ်မှာ စည်းစနစ်တကျ ဆင့်ကဲပြည့်စုံ ဖြစ်တည်စေသော အရှင်ဟု ဖြစ်၍ ပရမတ်ဘုရားရှင်၏ ဂုဏ်တော် တစ်ပါး ဖြစ်သည်။ ကျမ်းတော်တွင် **ရဗ်**ကို သူ၏၊ သူမ၏၊ သူတို့၏၊ သင်၏၊ ကျွန်ုပ်၏၊ စသည်ဖြင့် ပိုင်ဆိုင်မှုပြ စကားလုံးဖြင့် တွဲဆက်၍ သုံးပေသည်။ သို့ဖြစ်၍–**ရဗ်** ဆိုသည်မှာ– ပြုလုပ်သူ၏၊ ပြုလုပ်ခြင်း ကံအား ပြန်သင့်နေစေရန် ပြဋ္ဌာန်းပေးထားသော အရှင်ဟု ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်သည် အစ္စလမ် ဟုတ်သူရော မဟုတ်သူရော လူသားအားလုံး၏ ကံကြမ္မာရှင် ဖြစ်ပေသည်။ ဤဘာသာပြန်၌ နားလည်ပြီးသား နေရာများတွင် ရှေ့မှ ကျွန်ုပ်တို့၏၊ သင်တို့၏၊ သူတို့၏ ဆိုသော ပိုင်ဆိုင်မှုပြ စကားလုံးများကို ထည့်မသုံးတော့ဘဲ “ကံကြမ္မာရှင်”ဟု မြန်မာစကား ပြေပြစ်စေရန် ချန်လှပ်ခဲ့သည်များ ရှိပါသည်။ သို့သော် ထိုနေရာများ၌ နားလည်ပြီးသားဖြစ်၍ အဓိပ္ပါယ် လုံးဝ တိမ်းပါးသွားခြင်း မရှိပါ။ ကျမ်းတော်ပါ စကားလုံးများကို ထိန်းချန်ခြင်း

| | |
|---|---|
| ၃။ | **الرَّحْمـٰنِ الرَّحِيمِ۞**<br>ကရုဏာရှင် အကြင်နာရှင်– |
| ၄။ | **مَـالِكِ يَوْمِ الدِّينِ۞**<br>စီရင်ချက်နေ့၏[၆] အရှင်သခင် ဖြစ်တော်မူ၏[၇] |
| ၅။ | **إِيَّاكَ نَعْبُدُ وإِيَّاكَ نَسْتَعِينُ۞**<br>အရှင့်ကိုသာ ကိုးကွယ်ပါ၏[၈] အရှင့် မ–စမှုကိုသာ မျှော်ကိုးပါ၏။ |
| ၆။ | **اهدِنَــا الصِّرَاطَ المُستَقِيمَ۞**<br>တပည့်တော်တို့အား မြဲမြံနေသော ဝါဒလမ်းစဉ်သို့[၉] ညွှန်တော်မူပါ။ |

---

လည်း မဟုတ်ပါ၊ အာရပ်စကားနှင့် မြန်မာစကားတို့၏ ပြောနည်းပြောဟန် မတူညီခြင်းသာ ဖြစ်ပေသည်။ အစ္စလာမ် သာသနာက ကံဆိုသည်မှာ မိမိ လုပ်ကိုင် ဆောင်ရွက်မှု၏ အကျိုးဆက်ဟု လက်ခံသော်လည်း၊ ထိုအကြောင်းကို လုပ်လျှင် ထိုအကျိုးကို ခံစားရမည်ဟူသည့် ပင်မ ပြဋ္ဌာန်းချက် ရှိနေသည်ဟု ယုံကြည်၍ ထိုပင်မဇစ်မြစ် ပြဋ္ဌာန်းချက်တို့၏ အရှင်မှာ ပရမတ်ဘုရားရှင်သာ ဖြစ်သည်ဟု အစ္စလမ်သာသနာက လက်ခံပေသည်။ ပိဋကတ်တော်တွင် **"ကံကြောင့် သတ္တဝါ၏ ပဋိသန္ဓေသည် ဖြစ်၏"** **"သတ္တဝါတို့သည် ကံသာလျှင် အမွေခံရှိကုန်၏"** (ကထာဝတ္ထု ၇၄၂)ဆိုထားပြီး ထို သတ္တဝါတို့ ပဋိသန္ဓေတည် လည်ပတ်ရသော သံသရာ၏အစ (ကံ၏ ဇစ်မြစ်)ကိုမူ၊ **"သတ္တဝါတို့ ဖြစ်စဉ်တည်းဟူသည့် သံသရာကြီးသည်ကား မသိ အပ် မသိနိုင်သော အစရှိ၏"**ဟု ဆိုထားပေသည်။ (နိဒါနဝဂ္ဂ သံယုတ် ဝေပုလ္လသုတ်)။ (၂း၃ ၏ အောက်ခြေတွင် ကြည့်ပါ)။ ကုရ်အံကမူ ကံ၏ ဇစ်မြစ်ရှင်သည် လူသားတို့၏ သာမန် အသိဉာဏ်ဖြင့် မငုံမိနိုင်ဟု ဆိုပေသည် (၂း၂၅၅)။

(၆) **ယောင်မက်ဒ်ဒီး يَوْمِ الدِّينِ** ကို ဆရာတော်ကြီး အများစုက နောက်ဆုံးနေ့တော်ကြီးဟု ဘာသာပြန်ဆို ကြပေသည်။ ဤသို့ ပြန်ဆိုခြင်းသည် လုံးဝမှားယွင်းမှု မရှိသော်လည်း မြန်မာတို့ နားလည်ထားသော ဘာသာရေး ဝေါဟာရ အရ ပြည့်စုံလုံလောက်မှုမှာ အားနည်း နေပေသည်။ နောက်ဆုံးနေ့တော်ကြီးဟု ဘာသာပြန်ဆိုသောကြောင့် လောကလူ့သက်တမ်း ကုန်ဆုံး၍ အနိစ္စရောက်ရသောနေ့ဟု နားလည်မှု လွဲချော်နိုင်ပါသည်။ **يَوْمِ الدِّينِ** မှာ **ယောင်းမွ်န် يَوْمِ** "ရက်၊ ကာလ"နှင့် **ဒီးန် الدِّينِ** "သာသနာ၊ ဥပဒေ၊ ချမှတ်ထားသော စည်းကမ်း၊ ကျင့်ဆောင်မှု တစ်ခု၏ တန်ပြန်ခံရခြင်း" ဆိုသည့် ဝေါဟာရ နှစ်ခုကို ပေါင်းထားသော စကားလုံးဖြစ်၍ မိမိကျင့်ကြံသော လမ်းစဉ်၌ အန္တိမ ပန်းတိုင်ကို နှလုံး အကြည်ခါတ်တွင်း ဆိုက်ရောက်သော ကာလကို ခေါ်ပေသည်။ ထို့ကြောင့် လူ့သားတစ်ဦး၏ သက်တမ်းအတွင်းတွင်လည်း ဖြစ်နိုင်၍ ခန္ဓာကိုယ် စွန့်လွှတ်ပြီးနောက်လည်း ဖြစ်နိုင်ပေသည်။ အစ္စလာမ် သာသနာဝင် အများစုက ဝိဉာဉ်တိုင်းသည် မိမိ၏ ကောင်းမှု ဆိုးမှု အလျှောက် စီရင်ချက်ချ ခံရမည်ဟု ယုံကြည် ပေသည်။ ဤကြားကာလများတွင် စီရင်ချက်ချ မခံရလျှင်သော်လည်း နောက်ဆုံး "ကပ်ကမ္ဘာများ ချုပ်ငြိမ်းသောနေ့၌ ဝိဉာဉ်တိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သည့် ကုသိုလ်၊ အကုသိုလ် အလျှောက် စံစား၊ ခံစားရခြင်းကို သတ်မှတ်ခံရမည်"ဟု နည်းလည် လက်ခံ ထားပေသည်။

(၇) **မာလိကိ مَـالِكِ** ၏ အဓိပ္ပါယ်မှာ အရှင်သခင်၊ ဘုရင် ဟု ဖြစ်၍ ၎င်း၏ ဆင့်ပွားအနက်မှာ နောက်ဆုံးအပြီးသတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသော အာဏာ၊ အချုပ်အခြာ ဖြစ်ပေသည်။

(၈) **နအ်ဗိုဒ္ဒို နَعْبُدُ** ကျွန်ုပ်တို့ဝတ်ပြုပါ၏ ဟူသော စကားလုံးသည် **عبد အဗဒ** ဝတ်ပြုသည်၊ အမှုတော်ထမ်းဆောင်သည်၊ ကိုးကွယ်သည် ဟူသော ရင်းမြစ် စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်သည်၊ **အဗဒ** ၏ မူရင်း အဓိပ္ပါယ်မှာ မိမိဆောင်ရွက်ရမည့် ဝန်တာအား ပုံမှန် ဖြည့်ဆည်း ဆောင်ရွက်မှုကို ရည်ညွှန်းပေသည်။ ထို့အပြင် အစ္စလာမ် သာသနာ၏ ကိုးကွယ်ယုံကြည်မှု သဘောတရားတွင် လက်တွေ့လုပ်ဆောင်မှု သဘော ပါဝင်ပေသည်။ ဘုရားရှင်အား လူသားက ကိုးကွယ်သည် ဖြစ်စေ၊ မကိုးကွယ်သည် ဖြစ်စေ ဘုရားရှင်၌ ထိခိုက်နစ်နာမှု မရှိချေ။ လူသား အနေဖြင့်လည်း ကိုးကွယ်ပါသည်ဟု နှုတ်မှ ဆိုယုံမျှဖြင့် အကျိုးထူးလာမည် မဟုတ်ပေ။ အလုပ် မပါသော အပြောကို အစ္စလာမ် သာသနာက အသိအမှတ် မပြုပေ။ ထို့ကြောင့် "အရှင့်ကိုသာ ကိုးကွယ်ပါ၏" ဆိုသည်မှာ အရှင်၏ ပညတ် ပြဋ္ဌာန်းထားသော လောက နိယမနှင့် အညီ ဤလောက၌ ကျွန်ုပ်တို့သည် ကျင်လည် ကျက်စားပါမည်ဟု မိမိကိုယ်မိမိ သံဓိဋ္ဌာန် ပြုခြင်းပင် ဖြစ်ပေသည်။

(၉) အစ္စလာမ် သာသနာဝင်များက ဤစကြာဝဠာ အနန္တ ကျင်လည်ကျက်စားနိုင်ရန်၊ စကြာဝဠာများ အတွက် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက် ဓမ္မသည် လူသား ပညတ်ဘုရားများ မပွင့်ပေါ်မီ အလျှင်ကပင် တည်ရှိနေသည်ဟု လက်ခံယုံကြည် ကြပေသည်၊ ထိုပြဋ္ဌာန်းချက် ဓမ္မများသည် စကြာဝဠာအားလုံး ဖြစ်တည်မှု အတွက် မရှိမဖြစ် လိုအပ်သော ပြဋ္ဌာန်းချက် ဖြစ်သည့်အတွက် လူသားဘဝ ကျင်လည်မှုတွင် အဖုအထစ် ရှိနိုင်သည့် နိယာမများ ပါဝင်နေပေသည်။ ထို့ကြောင့် လောက၌ ရှိနေသော အရာများမှ လူသားများ ဆောင်ရန်၊ ရှောင်ရန်ကို လူသား ပညတ်ဘုရားများ ပွင့်ပေါ်စေကာ ပြန်ဌာန်းပေးပေသည်။ ထိုပြဋ္ဌာန်းချက်များမှ ဋီကာချဲ့မှုကင်းသော၊ ဂိုဏ်းအယူအဆကင်းသော မူလဓမ္မ သို့မဟုတ် လမ်းစဉ်ကို "မြဲမြံ

| | |
|---|---|
| ၇။ | **صِرَاطَ الَّذِينَ أَنعَمتَ عَلَيهِمْ غَيرِ المَغضُوبِ عَلَيهِمْ وَلاَ الضَّالِّينَ۞**<br><br>အရှင်၏ ဂုဏ်ပေးခံရသော[၁၀] သူများ၏ လမ်းစဉ်မျိုးဖြစ်၍–ကံကြီးသင့်သူ[၁၁] အပါယ်သွားသူတို့၏[၁၂] အဖြစ်မှ ကင်းရပါလို၏။ |

---

သော လမ်းစဉ်၊’’ဟု ခေါ်ပေသည်။ ထိုလမ်းစဉ်မျိုးကို အရှင်၏ ဂုဏ်တော် ချီးမြှင့်ခြင်း ခံရသော ပုဂ္ဂိုလ်မြတ်များ၏ ကျင့်ဆောင်သည့် လမ်းစဉ်မျိုး ဟု လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် သုတ်တော် (၁း၆) တွင် ဖေါ်ပြထားပေသည်။

(၁၀) **နေအ်မတ်نِعمَة** ၏ အဓိပ္ပါယ်မှာ ဂုဏ်ပေးခြင်း၊ ဘုန်းပေးခြင်းဟု ဖြစ်ပေသည်၊ ဤသုတ်တော်၌ ဆိုသော အရှင့်ထံတော်မှ ဂုဏ်ပေးခြင်း ခံရသူများ ဆိုသည်မှာ ပရမတ်ဘုရားရှင်ထံမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချီးမြှင့်ခံရသော သတင်းတော်ဆောင်များ၊ သမာဓိ ခိုင်မာသော ဖြောင့်မတ်သူများ၊ သစ္စာဓမ္မ၌ ပေးဆပ်သက်သေတည်သူများ၊ မိမိကိုယ်မိမိ ကောင်းမှုသို့ ပြုပြင်ပြောင်းလဲသူများပင် ဖြစ်သည်ဟု ကျမ်းတော်၏ (၄း၆၉) တွင် ဆိုထားပေသည်။

(၁၁) **မဂ်သူ့ဘ် مَغضُوب** ကို ဆရာတော်ကြီးများက ဘုရားသခင်ထံ၏ ကျိန်ဆဲခံရသူများဟု လည်းကောင်း ဘုရားသခင်၏ အမျက်တော်သင့်ခံရသူများဟု လည်းကောင်း ဘာသာပြန်ဆို ကြပေသည်။ ထိုသို့ဘာသာပြန်ဆိုမှုမှာ ခရစ်ယာန်နှင့် ဂျူးဘာသာပြန်များမှ ဝေါဟာရ ပုံစံများကို မှီ၍ ဘာသာပြန်ဆိုမှုဖြစ်ပြီး ပရမတ်ဘုရားရှင်သည် မေတ္တာတော်ရှင်၊ ကရုဏာတော်ရှင် ဆိုသည့် ဂုဏ်တော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျှက်ပင် ရှိသည်၊ မြန်မာ စကားတွင် ပြောဆိုလေ့ရှိသော “ဘုရားကျိန်စာ သင့်တော့မှာပဲ” ဆိုသည့် ဥပစာ စကားလုံးမျိုးပင် ဖြစ်သည်။ အမှန်မှာ **မဂ်သူ့ဘ်** ဆိုသည့် စကားလုံး၏ ရင်းမြစ်သည် **ဂဿဗ** ဖြစ်၍ ဘုရားရှင်က လူသားအား ကျိန်ဆဲခြင်း မဟုတ်ပေ။ လူသားက ဘုရားရှင် ချမှတ်သော တရားဓမ္မအား ကြီးစွာ စော်ကားမိသောကြောင့် မိမိ၏ကံက မိမိအား ပြန်သင့်ခြင်းကို ခေါ်ပေသည်။ ပါရာဇိကံ သင့်ခြင်းမျိုး ဖြစ်သည်။ ဤစကားလုံး **မဂ်သူ့ဘ်** သည် ကျိန်စာသင့်နေသော လူမျိုးဟု မည်သည့် လူမျိုးတစ်မျိုးကိုမှ ရည်ညွှန်းခြင်း မရှိပေ မည်သူမဆို ဘုရားတရားအား စော်ကားမော်ကားပြုသော်၊ လောကဓမ္မကို ဆန့်ကျင်သော် ဆိုးကျိုးဆက်ကို ခံစားရမည် ဖြစ်ပေသည်၊ (၃၃း၆၁)။

(၁၂) **သွာလီးန် ضَالِّين** မှာ မူလမှန်နေသော လမ်းကြောင်းပေါ်မှ လွဲချော်သွားသူများကို ဆိုလိုပေသည်။ ထို့ကြောင့် မြန်မာ ဘာသာရေး ဝေါဟာရနှင့်အညီ အပါယ်သွားသူများဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ ဤစကားလုံးသည်လည်း မည်သည့် လူမျိုးဖြစ်သည်ဟု ကျမ်းတော်က မရည်ညွှန်းပေ၊ လမ်းစဉ်မှန်မှ လွဲချော်သွားသော သူ မည်သူ့ကိုမဆို ဆိုလိုပေသည်။